National
**Redress Scheme**
For people who have experienced
institutional child sexual abuse

# လျှောက်ထားသူများအတွက် သတင်းအချက်အလက်များ

## အလွယ်တကူဖတ်ရန် စာမူပုံစံ

Burmese | မြန်မာဘာသာ

# ဤစာရွက်စာတမ်းကို အသုံးပြုပုံ



**အဖွဲ့အစည်းများ**၌ ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုအကြောင်း ဤစာရွက်စာတမ်းတွင် ရေးသားထားသည်ကို သင့်အား ကျွန်ုပ်တို့ သတိပေးလိုသည်။



အဖွဲ့အစည်းများဆိုသည်မှာ မည်သည်ဖြစ်ကြောင်း စာမျက်နှာ ၈ (7) တွင် ကျွန်ုပ်တို့ ရှင်းပြထားသည်။



ဤအကြောင်းအရာမှာ အောက်ပါအတွက် အလွန် ခက်ခဲနိုင်သည်–

- ဖတ်ရှုရန်
- ပြောဆိုရန်။

၎င်းကြောင့် ဆိုးဝါးသော ခံစားချက်များနှင့် အမှတ်ရစရာများ ပြန်ပေါ် လာနိုင်သည်။




သြစတြေးလျနိုင်ငံအစိုးရက ဤစာရွက်စာတမ်းကို ရေးသားခဲ့သည်။ 'ကျွန်ုပ်တို့' ဆိုသည့်စကားလုံးကို သင် တွေ့သည့်အခါ ၎င်းမှာ သြစတြေးလျနိုင်ငံ အစိုးရကို ဆိုသည်။

ကျွန်ုပ်တို့ ဤစာရွက်စာတမ်းကို ဖတ်နိုင်သမျှ လွယ်ကူစွာ ဖတ်နိုင်ရန် ရေးထားပါသည်။

ကျွန်ုပ်တို့ အချို့ကိစ္စများကို ရှင်းပြရန် ရုပ်ပုံများအား အသုံးပြုသည်။



ဤစာရွက်စာတမ်းကို ဖတ်ရှုရန် အကူအညီ သင် တောင်းခံနိုင်ပါသည်။ မိတ်ဆွေ သို့မဟုတ် မိသားစုဝင်တစ်ဦးကဲ့သို့ ပံ့ပိုးကူညီပေးသူတစ်ဦးက သင့်ကို ကူညီပေးနိုင်သည်။



သင် National Redress Scheme (အမျိုးသား ပြည်လည်တည့်မတ်ပေးရေး အစီအစဉ်) ကိုလည်း ဖုန်း **1800 737 377** ဖြင့်ဆက်နိုင်သည်။

သင် အင်္ဂလိပ်စကား မဟုတ်သော အခြားဘာသာစကားဖြင့် တစ်စုံတစ်ယောက်နှင့် စကားပြောရန်ကိုလည်း သင် မေးနိုင်ပါသည်။ ဤသို့လုပ်ပုံကို စာမျက်နှာ ၃၀ (30) တွင် ကျွန်ုပ်တို့ ရှင်းပြထားသည်။




ပံ့ပိုးကူညီပေးသည့် ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပြီး ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.nationalredress.gov.au/support တွင်တွေ့နိုင်ပါသည်။

အောက်ပါလူတန်းစားများအတွက် အထူး ဝန်ဆောင်မှုများလည်း ရှိပါသည်-




- အဘိုရင်းဂျင်းတိုင်းရင်းလူမျိုးများနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားလူမျိုးများ



- မသန်စွမ်းသူများ။




ကျွန်ုပ်တို့ အချို့စကားလုံးများကို **ထင်းနေအောင်** ရေးသားထားသည်။
ဤစကားလုံးများ ဘာဆိုလိုသည်ကို ကျွန်ုပ်တို့ ရှင်းပြသည်။
ဤစကားလုံးများပါ စာရင်းတစ်ခု စာမျက်နှာ ၃၃ (31) တွင် ရှိသည်။



ဤဖတ်ရလွယ်သည့် စာရွက်စာတမ်းသည် အခြား စာရွက်စာတမ်းအချို့၏ အတိုချုပ်ဖြစ်ပါသည်။




သင် အခြား စာရွက်စာတမ်းများကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.nationalredress.gov.au/about/resources တွင်တွေ့ရှိနိုင်သည်။

# ဤစာရွက်စာတမ်းမှာ ဘာဖြစ်ပါသနည်း။


**National Redress Scheme** ဆိုသည်မှာ အဘယ်နည်း။ 6

အစီအစဉ်သည် မည်သည့်အရာကို ဆောင်ရွက်သနည်း။ 10

သင် အစီအစဉ်ကို လျှောက်ထားသည့်အခါ ဘာဖြစ်မည်နည်း။ 15

အစီအစဉ် ကို မည်သူက လျှောက်ထားနိုင်သနည်း။ 21

သင် မည်ကဲ့သို့ လျှောက်ထားရသနည်း။ 25

လျှောက်ထားခြင်းအတွက် အခမဲ့ ကူညီပံ့ပိုးသည့် ဝန်ဆောင်မှုများ 28

ကျွန်ုပ်တို့အား ဆက်သွယ်ပါ 30

စကားလုံး စာရင်း 31

# National Redress Scheme ဆိုသည်မှာ အဘယ်နည်း။




National Redress Scheme (အမျိုးသား ပြန်လည်တည့်မတ်ပေးရေး အစီအစဉ်) ဆိုသည်မှာ အောက်ပါတို့ကြောင့် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု ကြုံတွေ့ရသူများကို ကူညီပံ့ပိုးပေးသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်–

- အဖွဲ့အစည်းတစ်ရပ်
- အဆိုပါ အဖွဲ့အစည်းက ၎င်းတို့အား စောင့်ရှောက်ရမည် ဖြစ်နေခဲ့စဉ်။

၎င်းစာရွက်စာတမ်းကို ဤစာရွက်စာတမ်းတွင် ကျွန်ုပ်တို့ Scheme (အစီအစဉ်) ဟုခေါ်သည်။




**ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု** ဆိုသည်မှာ အသက် ၁၈ နှစ်အောက်အရွယ်တစ်ဦးအား အောက်ပါ လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များတွင် ပါဝင်လုပ်စေခြင်း သို့မဟုတ် လုပ်ရပ်များကို ပြသခြင်းဖြစ်သည်–

- ၎င်းတို့နားမလည်သည့်လုပ်ရပ်များ
- မှားယွင်းသည်ဟု လူမှုအသိုင်းအဝိုင်းက မှတ်ယူသည့် လုပ်ရပ်များ
- ဥပဒေနှင့်ဆန့်ကျင်သည့် အဆိုပါလုပ်ရပ်များ

ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုတွင် ပါဝင်သည်မှာ–

- အဝတ်အစား ရှိသည်ဖြစ်စေ သို့မဟုတ် မရှိသည်ဖြစ်စေ အရာဝတ္ထုတစ်ခုဖြင့်အပါအဝင် ခန္ဓာကိုယ် မည်သည့်အစိတ်အပိုင်းကိုမဆို လိင်ဆိုင်ရာ ထိတွေ့ကိုင်တွယ်ခြင်း
- ကလေးနှင့် မည်သည့်အမျိုးအစားမဆိုဖြစ်သည့် လိင်ဆက်ဆံမှု
- ကလေးအား လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များကို ပြသခြင်း။



ကလေး လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များသည်–

- မှားယွင်းသည်
- ရာဇဝတ်မှုဖြစ်သည်
- မည်သည့်အခါမျှ ကလေး၏ မှားယွင်းမှု မဟုတ်ပါ။



**အဖွဲ့အစည်း** တစ်ရပ်ဆိုသည်မှာ အောက်ပါအရ ဖွဲ့စည်းထားသည့် အုပ်စု သို့မဟုတ် အဖွဲ့အစည်း ဖြစ်သည်–

- အစိုးရက ဖွဲ့စည်းထားသည်
- ဘာသာရေးအတွက်
- ပညာသင်ကြားပေးခြင်းနှင့် သင်ယူခြင်းအတွက်
- စီးပွားလုပ်ငန်းကို လည်ပတ်လုပ်ကိုင်ရန်
- လူမှုရေး လှုပ်ရှားမှုတစ်ရပ် အတွက်
- အားကစား လှုပ်ရှားမှုများ အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။

အဖွဲ့အစည်းများ၏ နမူနာအချို့မှာ–



- ခရစ်ယာန်ဘုရားကျောင်းများ
- ထိန်းသိမ်းရေး စခန်းများ
- အိပ်ဆောင်များနှင့် ကျောင်းအိပ်ကျောင်းစား–ကျောင်းများ
- ဆေးရုံများ
- မစ်ရှင်များ
- မိဘမဲ့ဂေဟာများ
- ကျောင်းများ
- အားကစား အသင်းများ
- လေ့ကျင့်ရေး စခန်းများ
- လူမှုဖူလုံရေး ဝန်ဆောင်မှုဌာနများ
- လူငယ် စခန်းများ။




၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အဖွဲ့အစည်းများ၌ ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုကို စုံစမ်းစစ်ဆေးသည့် ရှိုင်ရယ်လ်ကော်မရှင် (Royal Commission) ရှိခဲ့သည်။



Royal Commission သည် ကြီးမားပြီး တရားဝင် စုံစမ်းစစ်ဆေးရေး ယန္တရားတစ်ရပ်ဖြစ်ခဲ့သည်။

၎င်းသည် မတော်မတရား ပြုကျင့်ခံရသည့် ကလေးများ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို စုံစမ်းပါသည်။



Royal Commission သည် **အကြံပြုချက်များ** ကိုရေးသားခဲ့သည်။

အကြံပြုချက်များမှာ မတော်မတရားပြုကျင့်မှု နောက်ထပ်ဖြစ်ပေါ်ခြင်းမှ ဟန့်တားရန် ကျွန်ုပ်တို့ မည်သည့်အရာလုပ်နိုင်သည်နှင့်ပတ်သက်သည့် အကြံဉာဏ်များဖြစ်သည်။



ကျွန်ုပ်တို့ အစီအစဉ်တစ်ရပ် ဖွဲ့စည်းသင့်သည်ဟု Royal Commission က အကြံပြုခဲ့သည်။

အစီအစဉ်–




- ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ခဲ့သည်
- ၁၀ နှစ်အထိ ဆောင်ရွက်မည်
- ၂၀၂၈ ခုနှစ်တွင် အဆုံးသတ်မည်ဖြစ်သည်။

# အစီအစဉ်သည် မည်သည့်အရာကို ဆောင်ရွက်သနည်း။



**ပြန်လည်တည့်မတ်ပေးခြင်း** ဆိုသည်မှာ အရာများကို မှန်ကန်အောင်လုပ်ရန် ကြိုးစားခြင်း နည်းလမ်းတစ်ရပ် ဖြစ်သည်။



အစီအစဉ်က သင့်အား ကူညီပံ့ပိုးပေးမည်မှာ အကယ်၍ –

- အဖွဲ့အစည်းတစ်ရပ်က သင့်အား စောင့်ရှောက်ပေးရမည့်အချိန်တွင် ကလေးအဖြစ် သင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရလျှင်
- သင် ကလေးအဖြစ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရပြီး အဖွဲ့အစည်းတစ်ရပ်က အဆိုပါ မတော်မတရားပြုကျင့်မှုတွင် ပါဝင်လုပ်ဆောင်ခဲ့လျှင်။




မတော်မတရားပြုကျင့်မှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းတစ်ရပ်က အစီအစဉ်တွင် ပါဝင်ပူးပေါင်းမှုသာလျှင် အစီအစဉ် သည် သင့်အား ကူညီပေးနိုင်သည်။




အဖွဲ့အစည်းတစ်ရပ်မှာ အစီအစဉ်တွင် ပူးပေါင်းခြင်း ရှိမရှိ သိရှိရန် သင် အွန်လိုင်းတွင် ရှာဖွေနိုင်သည်။

www.nationalredress.gov.au/institutions



အကယ်၍ သင် လျှောက်ထားပြီး သင် ဖော်ပြသည့်အဖွဲ့အစည်းမှာ အစီအစဉ်တွင် မပူးပေါင်းသေးလျှင် ကျွန်ုပ်တို့-

- သင့်အား ဆက်သွယ်ပါမည်
- သင် လုပ်နိုင်သည့်အရာကို ရှင်းပြပါမည်။

သင့်လျှောက်လွှာကို ကျွန်ုပ်တို့ စိစစ်ပြီးနောက် အစီအစဉ်က သင့်အား အရာ သုံးခု ကမ်းလှမ်းပေးနိုင်သည်-



- **နှစ်သိမ့်ဆွေးနွေးပြောဆိုခြင်း**- သင် ထင်မြင်ပုံနှင့် ခံစားပုံအကြောင်း တစ်စုံတစ်ယောက်နှင့် စကားပြောဆိုခြင်း။

  ဤသို့ ဖြင့် သင့်အား အထောက်အကူပြုနိုင်သည်မှာ-
  - ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စေရန်
  - လုံခြုံမှု ခံစားရရန်
  - ကျွမ်းကျင်မှုများ လေ့လာသင်ယူရန်
  - သင့်အပေါ် ဖြစ်ပျက်ခဲ့သည်ကို နားလည်ရန်ဖြစ်သည်။



- **ငွေကြေးပေးချေမှု** တစ်ရပ်



- **ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှု** တစ်ရပ်။



သင် ငွေကြေးပေးချေမှု ရရှိသည့်အခါ သင်သည် ငွေကြေး အပေးခံရသည်။
ပြန်လည်တည့်မတ်ပေးသည့် ငွေကြေးပေးချေမှု အကြောင်းကို စာမျက်နှာ ၁၆ မှ ၁၈ အထိတွင် ပိုမို အသေးစိတ် ကျွန်ုပ်တို့ ရေးသားထားသည်။




ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှု ဆိုသည်မှာ သင့်အပေါ် ဖြစ်ပျက်ခဲ့သည့် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုအတွက် အဖွဲ့အစည်းက တောင်းပန်မည်ကို ဆိုလိုသည်။



အဖွဲ့အစည်းအနေဖြင့် တစ်ဦးတစ်ယောက်ယောက်အပေါ် မတော်မတရားပြုကျင့်မှု ဖြစ်ပွားခြင်းမှ ဟန့်တားရန် မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြောင်း အဖွဲ့အစည်းက သင့်အား ပြောပါလိမ့်မည်။




သင့်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးစေရန် အဖွဲ့အစည်းမှ အကြီးတမ်း အရာရှိတစ်ဦးကို ရွေးချယ်နိုင်သည်–

- သင်နှင့် လူကိုယ်တိုင် တွေ့ဆုံရန်
- ဖုန်းဖြင့် သင်နှင့် စကားပြောဆိုရန်
- သင့်ထံ စာတစ်စောင် ပို့ပေးစေရန်
- အများပြည်သူ ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ရန်ဖြစ်သည်။



ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှုကို သင် အလိုရှိသည် ဟုတ်မဟုတ် သင် ရွေးချယ်နိုင်သည်။



သင် ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှုကို အလိုရှိသည် ဟုတ်မဟုတ် ကျွန်ုပ်တို့ သင့်အား မေးပါလိမ့်မည်။



အကယ်၍ သင် အလိုရှိပါက ကျွန်ုပ်တို့ သင့်အား ဖုန်းနံပါတ် ပေးပါမည်။ သင် ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ ပြန်ချက် လုပ်ရန်အဆင်သင့်ဖြစ်သည့်အခါ သင် အဖွဲ့အစည်းကို ဖုန်းဆက်နိုင်သည်။



ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ ပြန်ချက်သည်–

- သင့်အတွက်ဖြစ်သည်
- သင့်အကြောင်းဖြစ်သည်။






သင် ရွေးချယ်နိုင်သည်မှာ–

- လူကိုယ်တိုင်အရ၊ ဖုန်းအရ သို့မဟုတ် စာအပေးအယူအရ– မည်သို့လုပ်မည်
- မည်သည့်အခါ လုပ်မည်
- မည်သူ ရှိမည်တို့ ဖြစ်သည်။



သင် လိုချင်သည့် ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ ပြန်ချက် ပေးရန်အတွက် အဖွဲ့အစည်းအား သင် ပြောဆိုရန် ကူညီပေးမည့်တစ်စုံတစ်ယောက်ကို သင် တောင်းဆိုနိုင်သည်။

သင် မေးနိုင်သည့်သူမှာ–



- မိသားစုဝင် တစ်ဦး
- မိတ်ဆွေ တစ်ဦး
- ကူညီပံ့ပိုးပေးမည့် လုပ်သားတစ်ဦး
- ပြန်လည်တည့်မတ်ပေးမှု ကူညီပံ့ပိုးမည့် လုပ်သားတစ်ဦး
- အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦး။



အကယ်၍ သင် ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်ချက် ပေးလိုလျှင် သင် အဆင်သင့်ဖြစ်သည့်အခါ ပေးရန် သင် တောင်းဆိုနိုင်သည်။



သင့်စိတ်ကူးကိုလည်း သင် ပြောင်းနိုင်ပါသည်။




သင့်အနေဖြင့် ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်ချက်ကို ၂၀၂၈ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မတိုင်မီ အချိန်မရွေး ပေးနိုင်ပါသည်။

# သင် အစီအစဉ်ကို လျှောက်ထားသည့်အခါ ဘာဖြစ်မည်နည်း။



သင် ပြန်လည်တည့်မတ်ပေးရန် လျှောက်ထားရန်အတွက် သင် လိင်ပိုင်းဆိုင်ရာမတော်မတရားပြုကျင့်ခံရသည့်အခါ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို ပြောဆိုရန် သို့မဟုတ် ရေးသားရန် လိုအပ်ပါမည်။



ပြန်လည်တည့်မတ်ပေးရန် ကူညီပံ့ပိုးပေးမည့် ဝန်ဆောင်မှု လုပ်သားသည်–

- သင့်လျှောက်လွှာကို ဖြည့်စွက်ပေးရန် သင့်အား ကူညီပေးနိုင်သည်
- လုပ်ငန်းဖြစ်စဉ်အတွင်း စိတ်ခံစားမှုဆိုင်ရာ ကူညီပံ့ပိုးမှုကို သင့်အား ပေးအပ်နိုင်သည်။




ပြန်လည်တည့်မတ်ပေးရန် ကူညီပံ့ပိုးပေးမည့် ဝန်ဆောင်မှုများအတွက် ဆက်သွယ်ရမည့်အသေးစိတ်ကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် သင် ရှာဖွေနိုင်သည်။ www.nationalredress.gov.au/support



သင့် လျှောက်လွှာကို စိစစ်ရန် အချိန်အချို့ ကြာနိုင်ပါသည်။



အောက်ပါတို့ကို ဆုံးဖြတ်ရန် ကျွန်ုပ်တို့ သင့်လျှောက်လွှာကို ကြည့်ရှုပါမည်–

- ပြန်လည်တည့်မတ်ပေးမှုကို သင် ရနိုင် မရနိုင်
- သင် ရနိုင်သည့် ပြန်လည်တည့်မတ်ပေးမှု အမျိုးအစားများ
- ငွေကြေးပေးချေမှု မည်မျှ ဖြစ်မည်။



ငွေကြေးပေးချေမှု ပမာဏသည် သင့်လျှောက်လွှာ၌ အောက်ပါကိစ္စနှင့်ပတ်သက်သည့် သင် ကျွန်ုပ်တို့အား ပြောဆိုသည့်အရာအပေါ် မူတည်ပါမည်–

- သင့်အနေဖြင့် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံရသည့်အခါ မည်သို့ ဖြစ်ပျက်ခဲ့ပုံ
- ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုကြောင့် သင့်ဘဝတွင် ဆိုးကျိုးသက်ရောက်မှု




အကယ်၍ သင် လျော်ကြေးရနိုင်လျှင် ဒေါ်လာ တစ်သောင်း ($ 10,000) အောက် ပမာဏမှ ဒေါ်လာ တစ်သိန်းငါးသောင်း ($150,000) အထိ ဖြစ်နိုင်သည်။



သို့သော် အဆိုပါ မတော်မတရားပြုကျင့်မှုအတွက် သင့်အား ယခင်က လျော်ကြေးပေးခဲ့ပြီးဖြစ်ပါက သင့်လျော်ကြေးမှာ ပိုမို နည်းနိုင်ဖွယ်ရှိသည်။




ယခင် ပေးခဲ့သည့် အဆိုပါ လျော်ကြေးမှာ ယခု မည်မျှ တန်ဖိုးရှိသည်ကို ကျွန်ုပ်တို့ တွက်ချက်မည်ဖြစ်ပြီး ၎င်းတန်ဖိုးကို ဤအစီအစဉ်၏ လျော်ကြေးမှ နုတ်ပါလိမ့်မည်။



သင် ကုန်ကျငွေ ပေးခဲ့ရသည့်အောက်ပါတို့အတွက် ကျွန်ုပ်တို့ တွက်ချက်မည် မဟုတ်ပါ–

- ရှေ့နေများ
- ဆေးဝါးကုသမှု
- သွားဘက်ဆိုင်ရာ ကုသမှု
- နှစ်သိမ့်ဆွေးနွေးပြောဆိုခြင်း
- လူနေမှု စရိတ်များ။

အကယ်၍ သင် လျော်ကြေးရပါက–



- ၎င်းငွေအပေါ် သင် အခွန်ပေးရန် မလိုပါ



- ၎င်းငွေကို ဝင်ငွေအဖြစ် ထည့်မတွက်ပါ။




- ၎င်းကို **ပိုင်ဆိုင်မှုများ** စိစစ်ခြင်းအဖြစ် အစိုးရ ထောက်ပံ့ကြေးပေးငွေ ပေးရန်အတွက် ထည့်သွင်းစဉ်းစားနိုင်သည်။



သင်၏ ပိုင်ဆိုင်မှုများမှာ တန်ဖိုးရှိသည့် သင် ပိုင်ဆိုင်သည့်အရာများဖြစ်သည်၊ ၎င်းတို့မှာ–

- ကား
- မြေ
- အိမ်၊ အိမ်ခန်း သို့မဟုတ် တိုက်ခန်း
- သင် စုဆောင်းထားသည့် သို့မဟုတ် သီးခြားဖယ်ထားသည့် ငွေကြေး။




အကယ်၍ သင် တစ်ဦးဦးအား သင့် ငွေကြေးကို ပေးပါက ၎င်းတို့အနေဖြင့် စင်တာလင့် (Centrelink) အား အသိပေးရန် လိုအပ်ပါမည်။

## အစီအစဉ်သည် တရားရုံးစနစ်နှင့် မတူကွဲပြားပါသည်



အစီအစဉ် မှတစ်ဆင့် လျော်ကြေးရရှိခြင်းမှာ တရားရုံးမှတစ်ဆင့် လျော်ကြေးရရှိခြင်းနှင့် ကွာခြားပါသည်။




အချို့လူများသည် အစီအစဉ် မှ လျော်ကြေး ရရှိခြင်းအစား တရားရုံးမှ လျော်ကြေးရရန် ရွေးချယ်ပါလိမ့်မည်။




တရားရုံးသည် ၎င်းတို့အား လျော်ကြေး ပို၍ကြီးကြီးမားမား ရနိုင်စေသောကြောင့် ၎င်းတို့ ဤသို့လုပ်နိုင်သည်။




တရားရုံးများသည် မတော်မတရားပြုကျင့်မှုအတွက် ခိုင်လုံသည့် **အထောက်အထား** လိုအပ်သည်။

အထောက်အထားဆိုသည်မှာ တစ်စုံတစ်ခုသည် မှန်ကန်သည်ဖြစ်ကြောင်း သက်သေအထောက်အထား ဖြစ်သည်။




သင်သည် အစီအစဉ် မှ လျော်ကြေးရရန် အထောက်အထား နည်းနည်းပါးပါး လိုအပ်သည်။



မည်သည့်နည်းလမ်းက သင့်အတွက် ပိုကောင်းကြောင်း သင် သိရှိရန် အကူအညီအတွက် သင် knowmore ကို ဆက်သွယ်နိုင်သည်။




knowmore သည် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရသည့်သူများအား ကူညီပံ့ပိုးပေးသည့် အခမဲ့ ဥပဒေ ဝန်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။





၎င်းတို့၏ ဝက်ဘ်ဆိုက် www.knowmore.org.au တွင် သင် ကြည့်ရှုနိုင်သည်။

# အစီအစဉ် ကို မည်သူက လျှောက်ထားနိုင်သနည်း။

သင် လျှောက်ထားနိုင်သည် အကယ်၍ –



- သင့်အပေါ် ဖြစ်ပျက်ခဲ့သည့်အရာမှာ ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုတွင် ပါဝင်လျှင်
- အဖွဲ့အစည်းတစ်ခုကြောင့် သင် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရလျှင်
- အဖွဲ့အစည်းတစ်ခုက သင့်အား စောင့်ရှောက်ပေးရ မည့်အချိန်တွင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု ဖြစ်ပွားခဲ့လျှင်
- အဖွဲ့အစည်းသည် အစီအစဉ် တွင် ပါဝင်လျှင်တို့ ဖြစ်သည်။



အကယ်၍ အဖွဲ့အစည်းတစ်ခုက သင့်အား စောင့်ရှောက်ပေးနေခဲ့ရသည့် အချိန်အတွင်း ဖြစ်ပွားခဲ့သည် မဟုတ်လျှင် မိတ်ဆွေ သို့မဟုတ် မိသားစုဝင် တစ်ဦးက ပြုလုပ်သည့် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုသည် အစီအစဉ် တွင် မပါဝင်ပါ။




ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုအတွက် တာဝန်ရှိခဲ့သည့် အဖွဲ့အစည်းသည် အစီအစဉ် နှင့်ပူးပေါင်းရန် လိုအပ်သည်။



ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်တွင် အစီအစဉ် နှင့် ပူးပေါင်းခဲ့သည့် အဖွဲ့အစည်းများပါဝင်သည့် စာရင်းတစ်ခု ရှိသည်။



အခြား အဖွဲ့အစည်းများ အစီအစဉ် နှင့် ပူးပေါင်းသည့်အခါ စာရင်းကို ကျွန်ုပ်တို့ ပြင်ဆင်ပေးသည်။




အစီအစဉ် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မှုများကို အီးမေးလ်ဖြင့် ရယူရန်အတွက် သင် အဆိုပါ ဝက်ဘ်ဆိုက်တွင် စာရင်းပေးသွင်းနိုင်သည်။

www.nationalredress.gov.au

အစီအစဉ် နှင့် အခြား အဖွဲ့အစည်းများ ပူးပေါင်းသည့်အခါ ဤပြင်ဆင်မှုများအားဖြင့် သင် သိပါလိမ့်မည်။



သို့မဟုတ် မည်သည့်အဖွဲ့အစည်းများက အစီအစဉ် နှင့် ပူးပေါင်းခဲ့သည်ကို သင် ဖုန်း **1800 737 377** ဆက်ခြင်းဖြင့် သိရှိနိုင်သည်။




အစိုးရသည် အဖွဲ့အစည်းများအား အစီအစဉ် နှင့် ၎င်းတို့ အမြန်ဆုံး ပူးပေါင်းရန် နိုးဆော်ထားပါသည်။




လျှောက်ထားရန်အတွက် သင်သည်–

- ဩစတြေးလျနိုင်ငံသား တစ်ဦးဖြစ်ရမည်

  သို့မဟုတ်

- အမြဲတမ်း နေထိုင်သူ တစ်ဦးဖြစ်ရမည်။




ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုမှာ အောက်ပါတို့ မတိုင်မီ ဖြစ်ပွားခဲ့ရမည် –

- သင် အသက် ၁၈ နှစ် မပြည့်မီ
- အစီအစဉ် စတင်ခဲ့သည့်– ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ။




အကယ်၍ သင် အသက် ၁၈ နှစ် အောက်ဖြစ်နေသေးလျှင် သင် အစီအစဉ် ကို လျှောက်ထားနိုင်သည်။

သို့သော် သင်သည် ၂၀၂၈ ခုနှစ်တွင် အစီအစဉ် အဆုံးမသတ်မီ အသက် ၁၈ နှစ် ပြည့်ရန် လိုအပ်သည်။




သင် အသက် ၁၈ နှစ် မပြည့်မီ ကျွန်ုပ်တို့ သင့်အား လျော်ကြေး မပေးနိုင်ပါ။



အကယ်၍ သင် ရာဇဝတ်မှုတစ်ခုဖြင့် ပြစ်ဒဏ်ကျခံရပြီး အကျဉ်းထောင် ရောက်ခဲ့လျှင် အစီအစဉ် ကို သင် လျှောက်ထားနိုင်သည်။



အကယ်၍ သင် အကျဉ်းထောင် ရောက်ခဲ့ပါက ကျွန်ုပ်တို့ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါမည်–

- သင်၏ ရာဇဝတ်မှု
- သင် အကျဉ်းထောင်၌ မည်မျှကြာနေခဲ့သည်တို့ ဖြစ်သည်။



အချို့လူများသည် လျော်ကြေး မရနိုင်ပါ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလွန် ကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သောကြောင့် ဖြစ်သည်။



အကယ်၍ သင် အကျဉ်းထောင်ထဲ ရှိနေသေးလျှင် လျှောက်ထားနိုင်ခြင်း မပြုမီ သင် အကျဉ်းထောင်မှ လွတ်လာသည်အထိ စောင့်ဆိုင်းရနိုင်ဖွယ်ရှိသည်။



သို့သော် ၎င်းမှာ လူတိုင်းအတွက်တော့ မှန်နိုင်ဖွယ် မရှိပါ။ ၎င်းသည် သင့် ကိုယ်ပိုင် အမှုကိစ္စအပေါ် မူတည်ပါမည်။

# သင် မည်ကဲ့သို့ လျှောက်ထားရသနည်း။

အစီအစဉ် မှ အကူအညီရရှိရန် သင် ဦးစွာ လျှောက်ရန် လိုအပ်ပါမည်။



သင် အောက်ပါတို့ကို အသုံးပြုခြင်းဖြင့် လျှောက်ထားနိုင်သည်–

- စက္ကူပုံစံ တစ်ခု

  သို့မဟုတ်

- ဝက်ဘ်ဆိုက်ရှိ ပုံစံ။



သင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရစဉ် ဖြစ်ပျက်ခဲ့ရသည့်အကြောင်းကို ကျွန်ုပ်တို့အား ပြောပြရန် ပုံစံ၌ မေးမြန်းထားပါသည်။




သင့်အား စောင့်ရှောက်ပေးရမည်ကို လုပ်ပေးခဲ့ရသည့် အဖွဲ့အစည်းထံမှ မည်သည့်မှတ်တမ်းမှတ်ရာမျှ သင့်တွင် ရှိနိုင်ဖွယ် မရပါ။ ၎င်းမှာ ကိစ္စမရှိပါ၊ ဖြစ်ပါသည်။




သင့် လျှောက်လွှာကို အထောက်အကူပြုရန် ကျွန်ုပ်တို့ လိုအပ်သည့် သတင်းအချက်အလက်များကို အဖွဲ့အစည်းများထံမှ ကျွန်ုပ်တို့ တောင်းပါမည်။



အဖွဲ့အစည်းမှာ သင့်အား အဆိုပါအချိန်၌ စောင့်ရှောက်ပေးခဲ့သည်ဖြစ်ကြောင်း အတည်ပြုရန် ကျွန်ုပ်တို့ ကြိုးစားလုပ်ပါသည်။

သင့်လျှောက်လွှာနှင့်ပတ်သက်၍ အဖွဲ့အစည်းများက ဆုံးဖြတ်ချက်များ မချပါ။



သင်သည် တစ်ကြိမ်သာ လျှောက်ထားနိုင်သည်။

သင့်အနေဖြင့် သင် ပေးနိုင်သမျှ အချက်အလက်အားလုံးကို သင် တင်ပြသင့်သည်။



သင့်အနေဖြင့် မည်သည့် အပို အချက်အလက်ကိုမဆို–

- သင် လျှောက်ထားပြီးနောက် ပေးနိုင်သည်
- ကျွန်ုပ်တို့ ဆုံးဖြတ်ချက် မချမှတ်မီ ပေးနိုင်သည်။

## အဖွဲ့အစည်း တစ်ခုထက်ပို၍ ရှိလျှင် ဘာဖြစ်မည်နည်း။




တစ်ခုထက်ပိုသော အဖွဲ့အစည်းတွင် သင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံရပါက ကျွန်ုပ်တို့အား လျှောက်လွှာတွင် ပြောပြနိုင်သည်။

အကယ်၍ သင့်လျှောက်လွှာတွင် ဖော်ပြထားသည့် အဖွဲ့အစည်းများအနက် တစ်ခုခုသည် အစီအစဉ် နှင့် မပူးပေါင်းသေးလျှင် ကျွန်ုပ်တို့သည်–



- သင့်အား ဆက်သွယ်ပါမည်
- သင် လုပ်နိုင်သည့်အရာကို ရှင်းပြပါမည်။



အဖွဲ့အစည်းက အစီအစဉ် နှင့် ပူးပေါင်းသည့်အချိန်အထိ သင် စောင့်ဆိုင်းနိုင်သည် သို့မဟုတ် သင့်လျှောက်လွှာကို ယခု စိစစ်ပေးရန် အစီအစဉ် ကို သင် တောင်းဆိုနိုင်သည်။



သင် ဖော်ပြသည့် အဖွဲ့အစည်းများအနက် တစ်ခုမှာ ကျွန်ုပ်တို့၏ စာရင်းတွင် မရှိသော်လည်း သင့် လျှောက်လွှာကို အစီအစဉ် က စိစစ်ပေးရန် သင် လိုလားလျှင် သင်သည် လျော်ကြေး ပိုမိုနည်း၍ ရနိုင်သည်။



၎င်းမှာ အဖွဲ့အစည်း တစ်ခုစီ၌ သင် ဖြစ်ပျက်ခဲ့သည့်အပေါ် မူတည်ပါမည်။

# လျှောက်ထားခြင်းအတွက် အခမဲ့ ကူညီပံ့ပိုးသည့် ဝန်ဆောင်မှုများ

ကျွန်ုပ်တို့တွင် သင့်အား အောက်ပါကိစ္စများ ကူညီပေးနိုင်သည့် ဝန်ဆောင်မှုများ ရှိပါသည်–



- အစီအစဉ် ကို နားလည်စေရန်



- သင် လျှောက်ထားသည့်အခါ ကူညီပံ့ပိုးရန်တို့ ဖြစ်သည်။



၎င်းတွင် အဘိုရင်းဂျင်းတိုင်းရင်းလူမျိုးနှင့် တောရက်စ်ရေလက်ကြား ကျွန်းသား လွတ်မြောက်လာသူများအတွက် သင်၏ အောက်ပါတို့ကို လေးစားမှုရှိသည့် ဝန်ဆောင်မှုများ ပါဝင်သည်–

- ယဉ်ကျေးမှု
- သမိုင်းနောက်ခံ။



သင့် ရွေးချယ်နိုင်သည့်နည်းလမ်းများကို သင် နားလည်စေရန်၊ ကျွန်ုပ်တို့တွင် အောက်ပါတို့လည်း ရှိပါသည်–

- ဥပဒေဆိုင်ရာ ကူညီပံ့ပိုးရေး ဝန်ဆောင်မှုများ
- ငွေကြေးဆိုင်ရာ ကူညီပံ့ပိုးရေး ဝန်ဆောင်မှုများ။



ဤကူညီပံ့ပိုးရေး ဝန်ဆောင်မှုများကို သင် လိုအပ်ပါက သင် ကျွန်ုပ်တို့အား ဆက်သွယ်နိုင်သည်။



ဤဝန်ဆောင်မှုများအတွက် အခကြေး မပေးရပါ။

# ကျွန်ုပ်တို့အား ဆက်သွယ်ပါ



အစီအစဉ် အကြောင်း ပိုမို သိရှိရန် သင် ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်သည်။




www.nationalredress.gov.au



**1800 737 377**

အကယ်၍ သင် အင်္ဂလိပ်စကား မဟုတ်သော အခြားဘာသာစကားဖြင့် စကားပြောလျှင် သင် ဘာသာပြန်နှင့် စကားပြန်ဌာနကို (TIS National) ဖုန်းဆက်နိုင်သည်။

**131 450**



TIS National သည် သင့်အား မည်သည့်ဖုန်းနံပါတ်ကိုမဆို ဆက်သွယ်ပေးနိုင်သည်။

# စကားလုံး စာရင်း



### ပိုင်ဆိုင်မှုများ

သင်၏ ပိုင်ဆိုင်မှုများမှာ တန်ဖိုးရှိသည့် သင် ပိုင်ဆိုင်သည့်အရာများဖြစ်သည်၊ ၎င်းတို့မှာ–

- ကား
- မြေ
- အိမ်၊ အိမ်ခန်း သို့မဟုတ် တိုက်ခန်း
- သင် စုဆောင်းထားသည့် သို့မဟုတ် သီးခြားဖယ်ထားသည့် ငွေကြေး။

### ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု




ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု ဆိုသည်မှာ အသက် ၁၈ နှစ်အောက်အရွယ်တစ်ဦးအား အောက်ပါ လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များတွင် ပါဝင်လုပ်စေခြင်း သို့မဟုတ် လုပ်ရပ်များကို ပြသခြင်းဖြစ်သည်–

- ၎င်းတို့နားမလည်သည့်လုပ်ရပ်များ
- မှားယွင်းသည်ဟု လူမှုအသိုင်းအဝိုင်းက မှတ်ယူသည့် လုပ်ရပ်များ
- ဥပဒေနှင့်ဆန့်ကျင်သည့် အဆိုပါလုပ်ရပ်များ။

ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုတွင် ပါဝင်သည်မှာ–

- အဝတ်အစား ရှိသည်ဖြစ်စေ သို့မဟုတ် မရှိသည်ဖြစ်စေ အရာဝတ္ထုတစ်ခုဖြင့်အပါအဝင် ခန္ဓာကိုယ် မည်သည့်အစိတ်အပိုင်းကိုမဆို လိင်ဆိုင်ရာ ထိတွေ့ကိုင်တွယ်ခြင်း
- ကလေးနှင့် မည်သည့်အမျိုးအစားမဆိုဖြစ်သည့် လိင်ဆက်ဆံမှု
- ကလေးအား လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များကို ပြသခြင်း။



ကလေး လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များသည်–

- မှားယွင်းသည်
- ရာဇဝတ်မှုဖြစ်သည်
- မည်သည့်အခါမျှ ကလေး၏ မှားယွင်းမှု မဟုတ်ပါ။

## နှစ်သိမ့်ဆွေးနွေးပြောဆိုခြင်း

သင် ထင်မြင်ပုံနှင့် ခံစားပုံအကြောင်း တစ်စုံတစ်ယောက်နှင့် စကားပြောဆိုခြင်း။



ဤသို့ ဖြင့် သင့်အား အထောက်အကူပြုနိုင်သည်မှာ–

- ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စေရန်
- လုံခြုံမှု ခံစားရရန်
- ကျွမ်းကျင်မှုများ လေ့လာသင်ယူရန်
- သင့်အပေါ် ဖြစ်ပျက်ခဲ့သည်ကို နားလည်ရန်ဖြစ်သည်။




### ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှု

ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်မှု ဆိုသည်မှာ သင့်အပေါ် ဖြစ်ပျက်ခဲ့သည့် ကလေး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုအတွက် အဖွဲ့အစည်းက တောင်းပန်မည်ကို ဆိုလိုသည်။



အဖွဲ့အစည်းအနေဖြင့် တစ်ဦးတစ်ယောက်ယောက်အပေါ် မတော်မတရားပြုကျင့်မှု ဖြစ်ပွားခြင်းမှ ဟန့်တားရန် မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြောင်း အဖွဲ့အစည်းက သင့်အား ပြောပါလိမ့်မည်။

သင့်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးစေရန် အဖွဲ့အစည်းမှ အကြီးတမ်း အရာရှိတစ်ဦးကို ရွေးချယ်နိုင်သည်-




- သင်နှင့် လူကိုယ်တိုင် တွေ့ဆုံရန်
- ဖုန်းဖြင့် သင်နှင့် စကားပြောဆိုရန်
- သင့်ထံ စာတစ်စောင် ပို့ပေးစေရန်
- အများပြည်သူ ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ရန်ဖြစ်သည်။




### အထောက်အထား

အထောက်အထားဆိုသည်မှာ တစ်စုံတစ်ခုသည် မှန်ကန်သည်ဖြစ်ကြောင်း သက်သေအထောက်အထား ဖြစ်သည်။

## အဖွဲ့အစည်း



အဖွဲ့အစည်း တစ်ရပ်ကို–

- အစိုးရက ဖွဲ့စည်းထားသည်
- ဘာသာရေးအတွက်
- ပညာသင်ကြားပေးခြင်းနှင့် သင်ယူခြင်းအတွက်
- စီးပွားလုပ်ငန်းကို လည်ပတ်လုပ်ကိုင်ရန်
- လူမှုရေး လှုပ်ရှားမှုတစ်ရပ် အတွက်
- အားကစား လှုပ်ရှားမှုများ အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။



## ငွေကြေးပေးချေမှု

သင် ငွေကြေးပေးချေမှု ရရှိသည့်အခါ သင်သည် ငွေကြေး အပေးခံရသည်။



## ပြန်လည်တည့်မတ်ပေးခြင်း

အရာများကို မှန်ကန်အောင် ကြိုးစားလုပ်ကိုင်သည့် နည်းလမ်းတစ်ရပ်။ ၎င်းတွင် အဖွဲ့အစည်းတစ်ရပ်က သင့်အား စောင့်ရှောက်ပေးရမည့်အချိန်တွင် စောင့်ရှောက်မည့်အစား သင် ကလေးအဖြစ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံခဲ့ရလျှင် ကူညီပံ့ပိုးမှု ကမ်းလှမ်းပေးခြင်း ပါဝင်သည်။



ဤအလွယ်တကူ ဖတ်ရှုရန် စာမှတ်စာတမ်းကို Information Access Group (သတင်းအချက်အလက် ရယူရန် အုပ်စု) က စုဆောင်းထားသည့် ဓါတ်ပုံများနှင့် ဖန်တီးထားသည့် ပုံရိပ်များကို အသုံးပြု၍ ရေးသားထားပါသည်။ ဤပုံရိပ်များကို ခွင့်ပြုချက် မရှိဘဲ ပြန်လည် အသုံးမပြုနိုင်ပါ။ အဆိုပါ ပုံရိပ်များနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုများ အတွက် ကျေးဇူးပြု၍ www.informationaccessgroup.com တွင်ကြည့်ပါ။ အလုပ်နံပါတ် ၄၀၆၃ ကို ရေးမှတ်ပေးပါ။